# အဇာတသတ္တုနှင့် အရှင်အာနန္ဒာ



Tāranātha (1575–1634 A.D.),
*History of Buddhism in India*, p.20
(အရှင်ကေလာသသ မြန်မာပြန်သည်)

***

သမ္မာသမ္ဗုဒ္ဓ၏ စကားတော်များကို စုစည်းပြီးသော အချိန်၌[၁] နတ်ဒေဝါတို့သည် ချီးမွမ်းစကား ဆိုကြ၏။ ပျော်ရွှင်မှုနှင့် ချမ်းမြေ့မှုသည် လူ့လောက၌ ထင်ရှား၏။ အဇာတသတ္တုဟုလည်း ထင်ရှားသော ခေမဒဿိ[၂] ဘုရင်၏ ကရုဏာအောက်၌ နတ်ဒေဝါများရော လူသားတို့ပါ ချမ်းသာစွာ နေထိုင်ကြ၏။ အဇာတသတ္တုသည် ဝေသာလီမှတစ်ပါး မြို့တော် ငါးခုအား စစ်မက် မတိုက်ခိုက်ဘဲ စိုးမိုးအုပ်ချုပ်၏။

(ထိုအချိန်၌) တထာဂတနှင့် အဂ္ဂသာဝကနှစ်ပါး[၃] ပါ ရဟန္တာပေါင်း ၁၆၈၀၀၀ (တစ်သိန်းရှစ်သောင်း ခြောက်ထောင်)တို့သည် ပရိနိဗ္ဗာန်စံတော်မူပြီး ဖြစ်၏[၄]။ အရှင်မဟာကဿပလည်း ပရိနိဗ္ဗာန်စံပြီး ဖြစ်၏[၅]။ သို့ဖြစ်၍ လူသားတိုင်း ပူဆွေးသောက ဖြစ်၏။ ရှင်တော် ဗုဒ္ဓအား မြင်ဖူးကြသည့် ရဟန်းတော်များသည် ‘ငါတို့၏ ပေါ့ပေါ့ဆဆ နေထိုင်မှုကြောင့် ဗုဒ္ဓ သက်တော်ထင်ရှား ရှိစဉ်အတွင်း နိဗ္ဗာန်ကို မျက်မှောက် မပြုနိုင်ခဲ့ကြချေ’ဟု တွေးကြ၏။ သို့ဖြင့် ရဟန်းတော်များသည် ဓမ္မကို လိုက်နာကျင့်သုံးရန် ဘဝကို မြှုပ်နှံ ကြ၏။ ဥပဇ္ဈာယ် ဆရာများလည်း ထို့အတူ ပြုကြ၏။ ရှင်တော် ဗုဒ္ဓအား မတွေ့မြင်းဖူးကြသော ငယ်ရွယ်သူ ရဟန်းများမှာ ‘ငါတို့ကား ဓမ္မကို သင့်တင့်လျောက်ပတ်စွာ မဟောကြားနိုင်ကြ။ အကြောင်းမူ ငါတို့သည် ဗုဒ္ဓကို သက်တော်ထင်ရှား မတွေ့မြင်ဖူးကြသောကြောင့် ဖြစ်၏။ ငါတို့ကိုယ်တိုင် ဓမ္မအတွက် မကြိုးစားကြကြလျှင် မှားယွင်းမှုဆီသို့ ရောက်သွားလိမ့်မည်’ဟု တွေးကြ၏။ သို့ဆင်ခြင်ကြလျက် ဗြဟ္မစရိယကို လုံ့လကြိုးကုတ် အားထုတ်ကြ၏။

သို့ဖြစ်၍ မဂ်ဖိုလ် လေးဆင့်ကို[၆] ရရှိသော ပုဂ္ဂိုလ်တို့၏ အရေအတွက်မှာ အလွန် များပြား၏။

အရိယ[၇] အာနန္ဒမထေရ်သည် တပည့်ပရိသတ် လေးမျိုးအား[၈] မကြာခဏ တရားဒေသနာ ဟောကြားတော်မူ၏။ ပိဋကတ်သုံးပုံကို ဆောင်သူများ (တိပိဋကဓရများ)လည်း ဓမ္မကို ဟောကြားကြ၏။ ယင်း၏ အကျိုးကြောင့် ရဟန်းတော်များသည် ကိုယ့်တရားကို တသွေမတိမ်း လိုက်နာကြ၏။ တထာဂတသည် အရှင်မဟာကဿပ အား ဓမ္မကို သင်ကြားတော်မူခဲ့၏[၉]။ အရှင်မဟာကဿပသည် အရိယအာနန္ဒမထေရ်အား (ဓမ္မကို) သင်ကြားတော်မူ၏။ အထူး မင်္ဂလာရှိသော အခါသမယ ဖြစ်သတည်း။

တိုင်းတာရန် ခက်ခဲသည့် ကိုယ်ကျင့်သီလ ကုသိုလ်ကံရှိကြသော ဘုရင်နှင့် တိုင်းသူပြည်သား ဥပါသကာများ၊ အခြားအားလုံးသော မင်းများသည် လောကီကိစ္စ များစွာတို့ဖြင့် နှောက်ယှက်ကြပြီး ယခင် အချိန်များတွင် လောက၏ အထွတ်မြတ်ဆုံးသော ဆရာအရှင်ကို ဖူးတွေ့

ရ၏။ ယခုမူကား တပည့်သာဝက များကိုသာ ဖူးတွေ့ရသည်ဟု ခံစားမိကြ၏။ သို့ဖြင့် ၎င်းတို့သည် ဗုဒ္ဓဓမ္မသံဃာ၏ တန်ဖိုးကို နားလည်ကြလျက် ရတနာသုံးပါးအား များစွာ ပူဇော်ရိုသေကြ၏။ ၎င်းတို့သည် ကောင်းသော အကျင့်ကို များစွာ ကျင့်သုံးကြသဖြင့် အငြင်းပွားမှုများနှင့် အရှုပ်အထွေးများ ငြိမ်းပျောက်၏။

ဤသို့ဖြင့် လူအပေါင်းသည် နှစ်ပေါင်း လေးဆယ်မျှ ကိုယ်ကျင့်တရား ကောင်းမွန်ခဲ့၏။

အရိယ အာနန္ဒမထေရ်၏ ဓမ္မကို ဦးဆောင်မှု ဆယ့်ငါးနှစ်ခန့် အကြာတွင် သုဝဏ္ဏဝဏ္ဏမထေရ်သည် ရဟန္တာအဖြစ်သို့ ရောက်၏။ ဤမထေရ်၏ မှတ်တမ်းအကြောင်းကို သုဝဏ္ဏဝဏ္ဏအဝဒါန၌ ဖော်ပြထားပြီးဖြစ်၏။

ထိုအချိန်၌ အဇာတသတ္တု ဘုရင်သည် 'သုဝဏ္ဏဝဏ္ဏကဲ့သို့သော ပုဂ္ဂိုလ်အား ရဟန္တာအဖြစ်သို့ ရောက်အောင် အခက်အခဲမရှိဘဲ အလွယ်တကူ ပြုနိုင်ခဲ့သဖြင့် အရှင်အာနန္ဒာသည် ဗုဒ္ဓရှင်တော်မြတ်နှင့် တူသော သာဝကပုဂ္ဂိုလ် ဖြစ်ရမည်'ဟု တွေးမိ၏။ ယင်းသို့ တွေးလျက် မင်းကြီးသည် အရှင်အာနန္ဒာ အမှူးပြုသော ရဟန္တာငါးရာအား လိုအပ်သော အလှူဒါန မျိုးစုံဖြင့် လှူဒါန်းပြီး ပူဇော်ကိုးကွယ်၏။

ထို့နောက် (အရှင်အာနန္ဒာသည်) တောင်ပိုင်း ကိမ္ဗိလိမာလာမြို့မှ အကျင့်ဆိုးရှိသည့် ဘာရဒွါဇမျိုး ပုဏ္ဏားတစ်ယောက် နေထိုင်သည့် မဂဓနိုင်ငံသို့ ကြွတော်မူ၏။ ဤပုဏ္ဏားသည် မျက်လှည့် အတတ်၌ အလွန်ကျွမ်းကျင်ပြီး ရဟန်းများ၏ တန်ခိုးဣဒ္ဓိပါဒ် စွမ်းအင်နှင့် ပြိုင်ဆိုင်၏။

ဘုရင်နှင့် အခြားပုဂ္ဂိုလ်များ၏ ရှေ့မှောက်၌ ဘာရဒွာဇသည် ရွှေ၊ ငွေ၊ ဖန်နှင့် ဝေဠုရိယတို့ဖြင့် ပြုလုပ် ထားသော တောင်ကုန်း လေးခုကို ဖန်ဆင်း၏။ ယင်းတို့ အသီးသီး၌ ရတနာဖြင့် ပြည့်သော ဥယျာဉ်လေးခုနှင့် ယင်းဥယျာဉ်လေးခု၌ ငှက်မျိုးစုံတို့ဖြင့် ပြည့်သော ကြာကန်လေးခုကိုလည်း ဖန်ဆင်း၏။

အရိယ အာနန္ဒာကမူ မတားဆီးနိုင်သော ဆင်းရိုင်းအုပ် တစ်ခုကို ဖန်ဆင်း၏။ ဆင်ရိုင်းများက ကြာပန်းကို စားပြီး ရေကန်ထဲသို့ အုပ်လိုက် ဆင်းကြ၏။ သစ်ပင်များမှာ လေပြင်းတိုက်ခတ်သောကြောင့် လဲကုန်၏။ ထိတ်လန့်ဖွယ် မိုးကြိုး မုန်တိုင်းကြောင့် တောင်ကုန်းများ အစအနပင် မကျန်တော့ချေ။

အရိယ အာနန္ဒမထေရ်သည် မိမိ၏ ကိုယ်ကို ကိုယ်ခွဲ ငါးရာဖြင့် ဖန်ဆင်းလိုက်၏။ ယင်းတို့အနက် အချို့သည် ကိုယ်ရောင် ကိုယ်ဝါကို ထုတ်လွှင့်၏။ အချို့မူ မိုးရွာသွန်း၏။ အချို့ကား ကောင်းကင်၌ ဣရိယာပုထ် လေးမျိုးဖြင့် နေပြ၏။ အချို့ခန္ဓာကိုယ်၏ အထက်ပိုင်းမှ မီး၊ အချို့သော ခန္ဓာကိုယ် အောက်ပိုင်းမှ ရေအလျဉ်ကို ထုတ်လွှင့်၏။

ဤနည်းဖြင့် အရှင်အာနန္ဒာသည် ထိုပုဏ္ဏား၏ (မျက်လှည့်)ကဲ့သို့ အမျိုးမျိုးသော တန်ခိုးများကို ပြ၏။

ဘာရဒွါဇ မိသားစုဝင် အကျင့်ဆိုးရှိသူ ပုဏ္ဏားနှင့် စည်းဝေးရောက်လာကြသည့် လူအများသည် (အရှင်မြတ်အား) အလွန် လေးစားကြ၏။ အရှင်အာနန္ဒာ၏ ဟောပြော သင်ကြားမှုကြောင့် ဘာရဒွါဇနှင့် ပုဏ္ဏား ငါးရာအပါအဝင် လူပေါင်း ရှစ်သောင်းသည် ခုနစ်ရက်အတွင်း သစ္စာတရားကို သိသွားကြ၏။

နောက်ပိုင်းတွင် အရိယအာနန္ဒသည် ဇေတဝန်ကျောင်း၌ သီတင်းသုံး၏။ ထိုစဉ် သာဏဝါသိက ဥပါသကာသည် သံဃာတော်များအား ငါးနှစ်ကြာ ရက်ရောစွာ ပြုစုစောင့်ရှောက်၏။ ယင်းနောက် သာဏဝါသိက သည် အရိယ အာနန္ဒမထေရ် ဟောကြားသော တရားကြောင့် ရဟန်းပြု၏။ အချိန်တန်သော် အရှင်သာဏဝါသိကသည် ပိဋကတ်သုံး

ပုံကို ကျွမ်းကျင်ပြီး နောက်ဆုံး၌ နှစ်မျိုးသော[၉] အနှောင်အဖွဲ့မှ လွတ်ပြီး ရဟန္တာ ဖြစ်သွား၏။ ဤနည်းဖြင့် အချိန်ကာလ များစွာ၌ အရိယ အာနန္ဒသည် ရဟန်း တစ်သောင်းခန့်အား ရဟန္တာအဖြစ်ကို ရစေ၏။

(ယခုအချိန်၌) အရှင်အာနန္ဒသည် ဝေသာလီနှင့် မဂဓအကြားနိုင်ငံ အကြား စီးဆင်းသော ဂင်္ဂါမြစ်လယ်၌ သီတင်းသုံး၏။ အကြောင်းမူ ဝေသာလီနိုင်ငံသား လစ္ဆဝီများနှင့် မဂဓဘုရင် အဇာတသတ္တုဘုရင်တို့ အရှင်မြတ်၏ ဓာတ်တော်များကို အညီအမျှ ပူဇော်နိုင်ရန် ဖြစ်၏။ ပညာရှိ ငါးရာတို့သည် ရဟန်းအဖြစ်ကို တောင်းပန်ခြင်း၌ အရှင်အာနန္ဒာသည် မြစ်လယ်၌ ကျွန်းတစ်ခုကို တန်ခိုးဖြင့် ဖန်ဆင်း၏။ တန်ခိုးဖြင့် ရဟန်းများအား ထိုနေရာ၌ စည်းဝေးလျက် တစ်နာရီအတွင်း ပညာရှိ ငါးရာတို့အား ဥပသမ္ပဒါ အဖြစ်မှသည် အရဟတ္တအဖြစ်သို့ ရောက်စေ၏။ သို့ဖြစ်၍ ထိုအရှင်မြတ်များသည် မဇ္ဈန္တိက (နေ့လယ်ချိန်အတွင်း အရဟတ္တဖိုလ်ကို ရရှိသွားသည့်) သို့မဟုတ် မဇ္ဈန္တိက (မြစ်လယ်၌ ရဟန္တာအဖြစ်ကို ရရှိသွားသည့်) ရဟန္တာငါးရာအဖြစ် ထင်ရှား၏။ ယင်းတို့အနက် အကြီးဆုံးမှာ မဟာမဇ္ဈန္တိက အဖြစ် ထင်ရှား၏။

ယင်းနောက် အရှင်အာနန္ဒသည် ပရိနိဗ္ဗာန်စံတော်မူပြီး အရှင်မြတ်၏ ကိုယ်ခန္ဓာမှာ အရှင်မြတ်ကိုယ်တိုင် ထွန်းညှိသော မီး (တေဇောဓာတ် တန်ခိုးမီး)ဖြင့် လောင်ကျွမ်း၏။ အရှင်မြတ်၏ ဓာတ်တော်များသည် ရတနာလုံးကဲ့သို့ အလုံးနှစ်ခု ဖြစ်သွားလျက် ဂင်္ဂါမြစ်၏ လှိုင်းတံပိုးက ကမ်းနှစ်ဘက်သို့ သယ်ယူသွားကြ၏။ မြောက်ဘက်သို့ ရောက်သွားသော ဓာတ်တော်များကို ဝဇ္ဇီတိုင်းသားတို့က သယ်ယူသွားကြပြီး တောင်ဘက်ကမ်းသို့ ရောက်သွားသော ဓာတ်တော်များကို အဇာတသတ္တုက ယူဆောင်သွား၏။ ၎င်းတို့သည် ထိုဓာတ်တော်များအား မိမိတို့နိုင်ငံ၌ အသီးသီး စေတီတည်ကြ၏[၁၀]။

အရှင်အာနန္ဒာသည် (တထာဂတ မရှိသည့်နောက်) ဓမ္မကို နှစ်ပေါင်း လေးဆယ်ကြာ စောင့်ရှောက်ခဲ့၏။ နောက်နှစ်တွင် အဇာတသတ္တုဘုရင်လည်း နတ်ရွာစံ၏။ ငရဲ၌ အတန်ကြာ ဖြစ်ပြီးနောက်[၁၁] မင်းကြီးသည် ယင်းမှ ကွယ်လွန်ပြီး သုဂတိ၌ ပြန်လည် မွေးဖွား၏။ ယင်း (အဇာတသတ္တုဝင်စား)သည် အရိယ သာဏဝါသိက၏ တရားကို နားယူပြီး သောတာပန် အဖြစ်သို့ ရောက်သွားသည်ဟု ဆိုကြ၏။ ❒

---

[၁] ယင်းသည် အဇာတသတ္တု၏ ဦးဆောင်မှုဖြင့် ရာဇဂြိုဟ်ညမြို့၌ ကျင်းပခဲ့သည် ဆိုသော ပထမသံဂါယနာကို ရည်ညွှန်းသလား။

စူဠဝဂ္ဂပါဠိတော် (ဝိ ၄၊ ၄၈၀–၄၈၁)လာ ပထမသံဂါယနာ မှတ်တမ်း၌ အဇာတသတ္တုမင်းကို ဖော်ပြခြင်း မရှိ။ သို့ရာတွင် မဟာဝံသ၊ သမန္တပါသာဒိကာ စသည်၌ကား ဖော်ပြ၏။ Bu-ston ii. 73ff ၌လည်း ဝိနယခုဒ္ဒကဝတ္ထုကို ကိုးကား၍ ပထမသံဂါယနာ အကြောင်းကို ဖော်ပြရာ၌ အဇာသတ္တုကို ဖော်ပြ၏။ ပထမသံဂါယနာကို ဖြစ်ပေါ်စေခြင်း သို့မဟုတ် ဗုဒ္ဓ၏ တရားတော်များကို ပထမဆုံး စုစည်းခြင်းနှင့် ပတ်သက်၍ ယွန်ချွန် (ဟူယင်ဆန်) (See Watters ii. 37) သည် သံသယနှင့် စိုးရိမ်ခြင်းဟူသော ယေဘုယျ ခံစားချက်နှင့် ဗုဒ္ဓ ပရိနိဗ္ဗာန်စံလွန်ခြင်းကြောင့် ပူဆွေးသောက ရောက်နေကြသော လူအများ၏ နက်ရှိုင်းစွာသောကဖြစ်ပုံကို ဖော်ပြ၏။ စူဠဝဂ္ဂကဲ့သို့သော ပါဠိကျမ်းစာ ရင်းမြစ်များ၌ မဆင်မခြင် ပြောဆိုမှု (ဥပမာ သုဘဒ္ဒရဟန်း၏ ပြောဆိုမှု)များကို အကြောင်းတရားအဖြစ် ဖော်ပြ၏။ (Bu-ston ii. 73 ကိုးကားခဲ့သော) ဝိနယခုဒ္ဒကကျမ်း၌မူ နတ်ဒေဝါတို့က ‘ရှင်တော် ဗုဒ္ဓ၏ စကားတော်သည် မီးခိုးကဲ့သို့ ပျောက်ကွယ်ပါတော့မည်။ စွမ်းရည်ကြီးများပြီး တန်ခိုးရှိကြသော ရဟန်းတော်များသည် ပျံလွန်တော်မူကြပြီ။ ထို့ကြောင့် ပိဋကတ်သုံးပုံ ကျမ်းစာတော်များကို ဟောကြားမည့်သူ ရှိတော့မည် မဟုတ်’ဟု ပြောဆိုခြင်း (စသည်)ကို အကြောင်းတရားအဖြစ် ဖော်ပြ၏။

[၂] ‘မင်္ဂလာရှိသေ အမြင်ကို ပေးတတ်သော’ဟု တိဗက်စကားကို အကြမ်းဖြင်း ဘာသာပြန်နိုင်၏။ ထို့ကြောင့် ယင်းသည် ပိယဒဿီနှင့် အဓိပ္ပာယ် နီးစပ်၏။

[၃] အရှင်သာရိပုတ္တနှင့် အရှင်မောဂ္ဂလာန နှစ်ပါးလုံးမှာ ဗုဒ္ဓပရိနိဗ္ဗာန် မစံမီကပင် ပရိနိဗ္ဗာန် စံတော်မူကြပြီး ဖြစ်၏။

[၄] (Bu-ston ii. 73 ကိုးကားခဲ့သော) ဝိနယခုဒ္ဒကကျမ်းအရ အရှင်သာရိပုတ္တ၌ တပည့် ၈၀၀၀၀ (ရှစ်သောင်း)၊ အရှင်မောဂ္ဂလာန်၌ တပည့် ၇၀၀၀၀ (ခုနစ်သောင်း) ဗုဒ္ဓရှင်တော်မြတ် ကိုယ်တိုင်၌မူ တပည့်ပေါင်း ၁၈၀၀၀ (တစ်သောင်းရှစ်ထောင်)ဟု ဆို၏။

[၅] အရှင်မဟာကဿပသည် (ဗုဒ္ဓ ပရိနိဗ္ဗာန်စံပြီးနောက်) ဆယ်နှစ်ခန့် ဓမ္မကို စောင့်ရှောက်ခဲ့၏။

[၆] သောတာပန် = နိဗ္ဗာန်းဟူသော ရေအလျဉ်သို့ ဝင်ပြီးသူ၊ သကဒါဂါမိ = လူသားအဖြစ်သို့ တစ်ကြိမ်သာ လာမည့်သူ၊ အနာဂါမိ = ဤကာမ ဘုံသို့ မလာသူ၊ အရဟန္တ = ပြီးဆုံးသွားသော ရဟန္တာပုဂ္ဂိုလ်။ (အင်္ဂလိပ်ဘာသာကို ကြည့်၍ ဘာသာပြန်ပါသည်။ ပါဠိ အဋ္ဌကထာ ဋီကာနှင့် အလုံးစုံ ကိုက်ညီဖွယ် မရှိ။ ဘာသာပြန်သူ။)

[၇] ‘အရိယ’ဟူသော စကားလုံးကို ပေါင်းထည့်ခံရသည့် ရှေးဦး မထေရ်စဉ်များ အနက် (အရှင်အာနန္ဒာသည်) ခုနစ်ပါးမြောက် ဖြစ်၏။

[၈] ဗုဒ္ဓတရားကို နာယူသူ တပည့်များကို (ရှေးအချိန်က) အဆင့်လေးမျိုး ခွဲခြားထား၏။ ယင်းတို့မှာ ၁) ဘိက္ခု ၂) ဘိက္ခုနီ ၃) ဥပါသကာ ၄) ဥပါသိကာ။ နှောင်းခေတ်များတွင် ၁) သာဝက ၂) ပစ္စေကဗုဒ္ဓ ၃) ဗောဓိသတ္တ ၄) ပုထုဇ္ဇန ဟု လေးမျိုး ခွဲခြား၏။ (ဤဖော်ပြချက်လည်း တိဗက်အစဉ်အလာအရ ယူဆခြင်း ဖြစ်ဖွယ်ရှိ၏။ ဘာသာပြန်သူ)

[၉] တိဗက်ကျမ်းများ အလိုအရ ရဟန္တာ နှစ်မျိုးရှိ၏။ အဆင့်မြင့် ရဟန္တာသည် စိတ်အနှောက်အယှက် ရှစ်မျိုးမှ လွတ်မြောက်ခြင်းဖြင့် ပြီးပြည့်စုံသွားခြင်းနှင့် အဆင့်မြင့် ပညာကို ရရှိခြင်းဖြင့် ပြီးပြည့်စုံခြင်းဟူသော နည်းနှစ်မျိုးဖြင့် လွတ်မြောက်သွားသူများ၌ ပါဝင်၏။ ယင်းတို့မှာ သမာဓိ၏ စွမ်းအားကြောင့် ဉဘယတော ဘာဂဝိမုတ္တိ = ကိလေသာဝရဏနှင့် ဉေယျာဝရဏ နှစ်မျိုးမှ လွတ်မြောက်ခြင်းတည်း။ အဆင့်နိမ့် အမျိုးအစားမှာ ပထမ ကမ္မဋ္ဌာန်း လေးမျိုးကိုသာ လေ့ကျင့်ထားပြီး အဆင့်မြင့်အောင် လေ့ကျင့်မထား၊ လွတ်လည်း မလွတ်မြောက်သေးသော ရဟန္တာမျိုး ဖြစ်၏။ (ဤ၌ ပထမ ကမ္မဋ္ဌာန်းလေးမျိုးဟူသည်ကို မရှင်းလင်းပါ။ ဘာသာပြန်သူ)။

[၁၀] ယွင်ချွန် (တရုတ်ရဟန်းတော် ဟူယင်ဆန်)သည် ထိုစေတီတော်များအကြောင်းကို ဖော်ပြ၏။ Watters ii. 80 ကို ရှုပါ။ ‘ဤနေရာ (ဝေသာလီမြို့အနီး သေတပုရကျောင်း)၌ တောင်ကုန်း နှစ်ခုရှိ၏။ တစ်ခုမှာ (ဂင်္ဂါ)မြစ်၏ မြောက်ဘက်၌ ဖြစ်ပြီး တစ်ခုမှာ တောင်ဘက်၌ ဖြစ်၏။ အရှင်အာနန္ဒာ ပရိနိဗ္ဗာန်စံသည့် နေရာကို အမှတ်အသားပြုရန် အရှင်မြတ်၏ သရီရဓာတ်တော် တစ်ဝက်ကို မဂဓတိုင်းသားတို့အား ပေးအပ်ပြီး ကျန်တစ်ဝက်ကို ဝေသာလီတိုင်းသားတို့အား ပေးအပ်၏’။ ဖာဟီယန်လည်း အရှင်အနန္ဒာ ပရိနိဗ္ဗာန်စံပုံ အကြောင်းကို တူညီစွာ ဆို၏။ Legge, p. 75 ကို ရှုပါ။

[၁၁] ဤ၌ အနည်းဆုံး တာရနာထသည် အဇာတသတ္တု၏ ပြစ်မှုအားလုံးကို လုံးဝ မဖော်ပြကြောင်း တွေ့ရ၏။ စိတ်ဝင်စားဖွယ် ကောင်းသည့် ဘကဟဂျာ(ကျမ်း)၌ ထည့်သွင်း ဖော်ပြသည့် အဇတာသတ္တု ကောတယ ဝိနောဒန ကျမ်းတစ်စောင်ကို ထည့်သွင်းထား၏ (Bu-ston I. 41)ကို ရှု။

[၁၂] တိဗက်တို့သည် တစ်စုံတစ်ခုသော (အကြောင်းအရာ)ကို ရည်ညွှန်းရာ၌ ထုံးစံအတိုင်း တစ်ဆင့်စကား အနေဖြင့် ဖော်ပြလေ့ရှိ၏။ အဓိပ္ပာယ်မှာ ယင်း၏ မှန်ကန်မှု မိမိ တာဝန် မယူပါဟု ဖြစ်၏။

